# H ကလေးမွေးဖွားခြင်း၊ ကလေးပြုစုပျိုးထောင်ခြင်း

H ကလေးမွေးဖွားခြင်း၊ကလေးပြုစုပျိုးထောင်ခြင်း ထိပ်သို့

## ကိုယ်ဝန်ဆောင်ခြင်းမှမွေးဖွားသည်အထိ

### ကိုယ်ဝန်ဆောင်ခြင်း။

မြို့နယ်ရုံးသို့

ကိုယ်ဝန်ဆောင်သတင်းပို့ခြင်း။

1-2(1)မိခင်ကလေးကျန်းမာရေးမှတ်တမ်းစာအုပ်နှင့်ကျန်းမာရေးစစ်ဆေးရန်စာရွက်များရယူခြင်း။

ဆေးရုံ၊ဆေးခန်းများတွင်စစ်ဆေးခြင်း။

1-3(1)ကျန်းမာရေးစစ်ဆေးခြင်း

1-3(2)သားဖွားဆရာမ၊ကျန်းမာရေးဝန်ထမ်းများမှနေအိမ်သို့လာရောက်ညွှန်ကြားခြင်း။

1-3(4) မိခင်၊မိဘသင်တန်း။

### မွေးဖွားခြင်း

2-1မွေးစာရင်းပေးပို့အကြောင်းကြားခြင်း။

၁၄ရက်(၂ပါတ်)အတွင်းမြို့နယ်ရုံးသို့သတင်းပို့ရန်

လိုအပ်ပါကမွေးစာရင်းအကြောင်းကြားပြီးကြောင်းထောက်ခံစာကိုထုတ်ပေးရန်တောင်းဆိုခြင်း။

| ဘယ်သူက | လိုအပ်သောစာရွက်စာတမ်း |
|---|---|
| မိခင်(သို့)ဖခင် | 1။မွေးစာရင်းအကြောင်းကြားပုံစံ။<br>2။မွေးဖွားကြောင်းထောက်ခံစာ။<br>3။အကြောင်းကြားသူ၏လက်မှတ်(သို့)တံဆိပ်တုံး။<br>4။မိခင်နှင့်ကလေးကျန်းမာရေးမှတ်တမ်းစာအုပ်။<br>5။ပြည်သူ့ကျန်းမာရေးအာမခံကဒ်ပြား။(စနစ်သို့ဝင်ရောက်ထားသူများသာ) |

2-2မွေးကင်းစကလေးငယ်၏နိုင်ငံသားရယူခြင်း။

(1) မိဘတဦးဦးကဂျပန်နိုင်ငံသားဖြစ်ခဲ့လျှင်၊

(2) မိဘနှစ်ဦးစလုံးကနိုင်ငံခြားသားဖြစ်ခဲ့လျှင်

- နေထိုင်ခွင့်ကိုရယူခြင်း။
- နေထိုင်သူမှတ်တမ်းတင်သွင်းခြင်း။

# ဘာသာစကားပေါင်းစုံနေထိုင်မှုလမ်းညွှန်

## H ကလေးမွေးဖွားခြင်း၊ ကလေးပြုစုပျိုးထောင်ခြင်း

H ကလေးမွေးဖွားခြင်း၊ကလေးပြုစုပျိုးထောင်ခြင်း ထိပ်သို့

### ကလေးပြုစုပျိုးထောင်ခြင်း

**ကလေးပြုစုပျိုးထောင်မှုအတွက်အမျိုးမျိုးသောကူညီငွေထုတ်ယူလိုလျှင်**

- 3-2 ကလေးမွေးဖွားပြုစုပျိုးထောင်ထောက်ပံ့ကြေး။ …… ကျန်းမာရေးအာမခံပြည်သူ့ကျန်းမာရေးစနစ်သို့ဝင်ရောက်ထားသူများ
- 3-3 မွေးဖွားချိန်ထောက်ပံ့ကြေး။ …… ဝန်ထမ်းကျန်းမာရေးအာမခံစနစ်တွင်ဝင်ရောက်ထားသူ
- 3-4 ကလေးသူငယ်ထောက်ပံ့ငွေ။
- 3-5 မြို့နယ်များ၏ သီးခြားထောက်ပံ့မှုစနစ်။

**ကလေးသူငယ်များ၏ကျန်းမာရေးပြုစုစောင့်ရှောက်မှုနှင့်ပတ်သတ်၍**

- 4-1 နို့စို့ကလေးငယ်ကျန်းမာရေးစစ်ဆေးခြင်း။
- 4-2 ကာကွယ်ဆေးထိုးခြင်း။
- 4-3 နို့စို့ကလေးငယ်ဆေးကုသမှုစရိတ်ကျခံခြင်းနှင့်ပတ်သက်သောချွင်းချက်

**ကလေးအားနေ့ကလေးထိမ်းဌာနသို့**

- 5-1 အသိအမှတ်ပြုနေ့ ကလေးထိမ်းဌာန၊(ကျောင်း) — မြို့နယ်ရုံးသို့ → **လိုအပ်သောစာရွက်စာတမ်းများ**
- အသိအမှတ်ပြုမဟုတ်သောနေ့ကလေးထိန်းဌာန(ကျောင်း)

**လိုအပ်သောစာရွက်စာတမ်းများ**

1။ဖိုင်းလျူးကတ်၊အထူးအမြဲနေထိုင်ခွင့်လက်မှတ်၊အစရှိသည်များ

2။ ဝင်ငွေခွန်ကိုယ်စားပေးဆောင်ခြင်းမှတ်တမ်း၊

ဂင်ငွေပမာဏအကြောင်းကြားစာမိတ္တူ။

3။တွေ့ဆုံစကားပြောသောအခါတွင်မိခင်ကလေးကျန်းမာရေးမှတ်တမ်းစာအုပ်။ (ယူဆောင်ခဲ့ပါရန်)

**ကလေးကူညီပြုစုပျိုးထောင်ခြင်း**

- နေ့အချိန်အုပ်ထိန်းသူမရှိသောအခါတွင် → 5-2ကျောင်းချိန်ပြင်ပကလေးစောင့်ရှောက်ခြင်း။
- ကိစ္စရှိလျှင်သုံးနိုင်သောနေ့ကလေးထိန်းအဆင်မပြေသောအခါတွင် → 5-3(1) ကိစ္စရှိလျှင်သုံးနိုင်သောနေ့ကလေးထိန်း။ / 5-3 (2) မိသားစုကူညီထောက်ပံ့ရေးဌာန

# H ကလေးမွေးဖွားခြင်း၊ ကလေးပြုစုပျိုးထောင်ခြင်း

H ကလေးမွေးဖွားခြင်း၊ကလေးပြုစုပျိုးထောင်ခြင်း ထိပ်သို့

ကလေးမွေးခြင်း၊ ပြုစုပျိုးထောင်ခြင်းဆိုသည်မှာ ဘဝအသက်တာတွင်အရေးပါသောအကြောင်းအရာတခုဖြစ်သည်။ ဤနေရာတွင်ကိုယ်ဝန်ဆောင်သည်မှစတင်၍၊ မွေးဖွား၊ ပြုစုပျိုးထောင်ရာတွင်လိုအပ်သောလုပ်ထုံးလုပ်နည်းများ၊ ကလေးပြုစုပျိုးထောင်ရာတွင်အထောက်အကူပြုသောဂန်ဆောင်မှုများကို တင်ပြသွားမည်ဖြစ်သည်။

## 1. ကိုယ်ဝန်ဆောင်ခြင်း။

ကိုယ်ဝန်ဆောင်ခြင်း၊မွေးဖွားခြင်းဆိုသည်မှာမွေးဖွားလာမည့်ကလေးငယ်နှင့်ပတ်သက်၍ကြီးလေးသောတာဝန်ယူခြင်းဖြစ်သည်။ လင်မယားနှစ်ဦးနှင့် မွေးဖွားလာမည့်ကလေးငယ်အတွက်သင့်တော်လျှောက်ပတ်သော အခြေအနေတွင် ကိုယ်ဝန်ဆောင်ခြင်း၊ မွေးဖွားခြင်းကို လုပ်ဆောင်သင့်သည်။ ကိုယ်ဝန်ရှိသည်ကိုသိပါကချက်ခြင်းမြို့နယ်ရုံးသို့သွား၍ ကိုယ်ဝန်ရှိကြောင်းကို အကြောင်းကြားပါ။ ဂျပန်နိုင်ငံတွင်ကိုယ်ဝန်ဆောင်သော အခါတွင်မိခင်ကလေးကျန်းမာရေး မှတ်တမ်းစာအုပ်ကို ထုတ်ပေးပြီး၊ ကိုယ်ဝန်ဆောင်ခြင်း၊ မွေးဖွားခြင်း ၊ကလေးပြုစုပျိုးထောင်ခြင်းနှင့်ပတ်သက်သော အသိပညာနှင့်နည်းလမ်းကို သင်ပြပေးသောသင်တန်းများလည်း ဖွင့်လှစ်ပေးလျှက်ရှိသည်။

### 1-1 ကိုယ်ဝန်ရှိသောအခါ

ကိုယ်ဝန်ရှိသောအခါတွင်မိခင်လောင်းဖြစ်သူကနေထိုင်လျှက်ရှိသောမြို့နယ်ရုံးသို့ကိုယ်ဝန်ရှိကြောင်းအကြောင်းကြားပါ။မြို့နယ်အလိုက်ကွဲပြားမှု ရှိသောကြောင့်၊အသေးစိတ်အားသက်ဆိုင်ရာမြို့နယ်ရုံးသို့စုံစမ်းမေးမြန်းပါ။ကိုယ်ဝန်ရှိကြောင်းအကြောင်းကြားသောအခါတွင်"မိခင်ကလေးကျန်းမာရေးမှတ်တမ်းစာအုပ်"ကိုလက်ခံရယူနိုင်မည်ဖြစ်သည်။

# 1. ကိုယ်ဝန်ဆောင်ခြင်း။

## 1-2 မိခင်ကလေးကျန်းမာရေးမှတ်တမ်းစာအုပ်

### (1) မိခင်ကလေးကျန်းမာရေးမှတ်တမ်းစာအုပ်ဆိုသည်မှာ

မိခင်ဖြစ်သူနှင့်ကလေးငယ်၏ကျန်းမာရေးဆေးစစ်ချက်အဖြေ၊ကလေးငယ်၏ကြီးထွားမှုနှင့်ပတ်သက်၍မှတ်တမ်းတင်ခြင်း။ကျန်းမာရေးစစ်ဆေးချက်နှင့်ကာကွယ်ဆေးထိုးခြင်းအစရှိသောကျမ်းမာရေးပြုစုစောင့်ရှောက်ခြင်းနှင့်ဆိုင်သောအကြောင်းအရာများအားသိရှိစေရန်ပြုလုပ်ထားသောစာအုပ်ဖြစ်သည်။ မိခင်ကလေး ကျန်းမာရေး မှတ်တမ်း စာအုပ်၏ ပထမဆုံးစာမျက်နှာတွင် မွေးစာရင်းပေးပို့အကြောင်းကြားပြီး အထောက်အထားနေရာရှိပါသည်။ ထို့အပြင် အဓိကကျသော အကြောင်းအရာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- **မိခင်လောင်း၏ကျန်းမာရေးနှင့်ပတ်သက်သောအကြောင်းအရာ**

. ကိုယ်ဝန်ဆောင်စဉ်အတွင်းအဟာရပြည့်အောင်စားသောက်ပုံ၊
. ကိုယ်ဝန်ဆောင်စဉ်အတွင်းကျန်းမာရေးစစ်ဆေးမှု့ မှတ်တမ်း၊
. မွေးဖွားသောအခြေအနေနှင့်မွေးဖွားပြီးအခြေအနေ၊
. ကိုယ်ဝန်ဆောင်စဉ်အတွင်းနှင့်မွေးဖွားပြီးနောက်ကိုယ်အလေးချိန်ပြောင်းလဲမှုမှတ်တမ်း။
. မိခင်လောင်း(မိဘလောင်း)သင်တန်းတက်ရောက်မှု့ မှတ်တမ်း၊ အစရှိသည်များ၊

- **ကလေးငယ်၏ကျန်းမာရေးအခြေအနေနှင့်ပတ်သက်သောအကြောင်းအရာ**

. ပြုစုပျိုးထောင်စဉ် အုပ်ထိန်းသူသတိထားရမည့်အချက်များနှင့်ကလေးငယ်၏ကျန်းမာရေးစစ်ဆေးမှု့ မှတ်တမ်း၊
. ကလေးငယ်၏ကြီးထွားမှုဇယား၊
. ကလေးငယ်၏အရပ်၊အလေးချိန်ဇယား၊
. ကာကွယ်ဆေးထိုးခြင်းမှတ်တမ်း၊
. ရောဂါမှတ်တမ်း   အစရှိသည်များ

### (2) ဂျပန်ဘာသာမဟုတ်သောမိခင်ကလေးကျန်းမာရေးမှတ်တမ်းစာအုပ်

အင်္ဂလိပ်ဘာသာ၊တရုတ်ဘာသာ၊ကိုရီးယားဘာသာ၊ပေါ်တူဂီဘာသာ၊စပိန်ဘာသာ၊ထိုင်းဘာသာ၊အင်ဒိုနီးရှားဘာသာ၊တဂါလို့ ဘာသာအစရှိသည်ဖြင့်၊ဂျပန်ဘာသာအပြင်မိခင်ကလေးကျန်းမာရေးမှတ်တမ်းအားအသင့်ဆောင်ထားသောရပ်ကွက်ရုံးများလည်းရှိသည်။ကိုယ်ဝန်ရှိကြောင်းသတင်းပို့သောအခါတွင်စုံစမ်းမေးမြန်းပါ။ထို့အပြင်မိခင်ကလေးကျန်းမာရေးထိမ်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(BOSHIHOKENJIGYODAN)တွင်လည်းရောင်းချပေးလျှက်ရှိသည်။

# H ကလေးမွေးဖွားခြင်း၊ ကလေးပြုစုပျိုးထောင်ခြင်း

H ကလေးမွေးဖွားခြင်း၊ကလေးပြုစုပျိုးထောင်ခြင်း ထိပ်သို့

| ဝယ်ယူရရှိနိုင်သောအဖွဲ့အစည်း | လိပ်စာ | ဖုန်းနံပါတ်၊URL | ဘာသာစကား |
|---|---|---|---|
| မိခင်ကလေးကျန်းမာရေးထိမ်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (BOSHIHOKENJIGYODAN) | Tokyo,Bunkyo-ku, Yushima 1-6-8 | ဖုန်း-03-4334-1188 URL:http://www.mcfh.co.jp/ | ဂျပန်⇔အင်္ဂလိပ်၊ ပေါ်တူဂီ၊ တဂါလို့၊ တရုတ်၊ ကိုရီးယား၊ ထိုင်း၊ အင်ဒိုနီးရှား၊ စပိန်(2ဘာသာပူးတွဲ၍) |

### (3) အခြား

ဂျပန်ဘာသာ၊အင်္ဂလိပ်ဘာသာ၊တရုတ်ဘာသာ၊ကိုရီးယားဘာသာ၊ပေါ်တူဂီဘာသာ၊စပိန်ဘာသာ၊ထိုင်းဘာသာ၊ဗီယက်နမ်ဘာသာအစရှိသော၈ဘာသာဖြင့်”ကိုယ်ဝန်ဆောင်ခြင်းမှကလေးပြုစုပျိုးထောင်ခြင်းအထိဂျပန်တွင်စိတ်အေးချမ်းသာစွာ ကလေးမွေးဖွားနိုင်ရန်အတွက်”ဟူသောစာအုပ်ကိုထုတ်ဝေထားပါသည်။ တစ်အုပ်လျှင်ယန်း၁၆၂၈(ပို့ခသီးသန့်)နှင့် သီးသန့်ရောင်းသည့် ဒီဗွီဒီအခွေလည်းရှိပါသည်။အသေးစိတ်ကို NPOအဖွဲ့AMDA နိုင်ငံတကာဆေးကုသမှု သတင်းဌာနသို့စုံစမ်းမေးမြန်းပါ။

| စုံစမ်းမေးမြန်းရန်နေရာ | လိပ်စာ | ဖုန်းနံပါတ်၊URL |
|---|---|---|
| NPOအဖွဲ့ AMDAနိုင်ငံတကာဆေးကုသမှု သတင်းဌာန၊တိုကျို | 〒160-0021 Tokyo-To, Shinjuku-Ku,Kabukicho Yubinkyoku Dome | ဖုန်း- 03-5285-8088 URL:http://amda-imic.com/ |

# 1 ကိုယ်ဝန်ဆောင်ခြင်း

## 1-3 ကိုယ်ဝန်ဆောင်ကျန်းမာရေးစစ်ဆေးခြင်း၊ကျန်းမာရေးထိမ်းသိမ်းစောင့်ရှောက်မှု ညွှန်ကြားခြင်း၊

### (1) ကိုယ်ဝန်ဆောင်၏ကျန်းမာရေးစစ်ဆေးခြင်း

ကိုယ်ဝန်ဆောင်စဉ်အတွင်းလုံလောက်သောအဟာရနှင့်အနားယူရန်လိုအပ်ပြီးသတ်မှတ်ထားသောအချိန်အတိုင်းမမေ့မလျော့ကျန်းမာရေးစစ်ဆေးခံရန်လိုအပ်သည်။

မိခင်ကလေးကျန်းမာရေးစာအုပ်ကိုရယူသောအခါတွင် ကျန်းမာရေး စစ်ဆေးမှု ၁၄ကြိမ်စာ ထောက်ပံ့မှုခံယူနိုင်သော စာရွက်ကိုအတူတကွရယူနိုင်ပါသည်။

### (2) သားဖွားဆရာမ၊ကျန်းမာရေးဝန်ထမ်းမှလာရောက်ညွှန်ကြားခြင်း

မြို့နယ်အသီးသီးတွင်သားဖွားဆရာမနှင့်ကျန်းမာရေးဝန်ထမ်းများအားနေအိမ်သို့စေလွှတ်၍ကိုယ်ဝန်ဆောင်နေစဉ်အတွင်းဆောင်ရန်၊ရှောင်ရန်၊မွေးဖွားရန်ပြင်ဆင်မှု များနှင့်ပတ်သက်၍အသီးသီး၏အခြေအနေနှင့်ဆီလျော်သောနည်းဖြင့်သင်ကြားညွှန်ပြခြင်းကိုပြုလုပ်ပေးလျက်ရှိသည်။အသေးစိတ်ကိုနေထိုင်သောရပ်ကွက်၊မြို့ရွာရုံးများတွင်စုံစမ်းမေးမြန်းပါ။

အိမ်သို့လာရောက်ညွှန်ကြားခြင်းမှာအခမဲ့ဖြစ်ပြီးကာယကံရှင်၏တောင်းဆိုချက်အပြင်၊ဆရာဝန်၏ထောက်ခံစာဖြင့်ပြုလုပ်သည်။

### (3) သားဖွားဌာန

စီးပွားရေးအခြေအနေအရကိုယ်ပိုင်ငွေဖြင့်မွေးဖွားရန်ခက်ခဲသောအခါတွင်အစိုးရငွေဖြင့်သတ်မှတ်ထားသောနေရာများတွင်မွေးဖွားနိုင်သည်။မွေးဖွားသည့်အချိန်မတိုင်မီအထိအကြောင်းကြားရန်လိုအပ်သည်။

### (4) မိခင်လောင်း(သို့)မိဘလောင်းသင်တန်း

မြို့နယ်အသီးသီးတွင်ကိုယ်ဝန်ဆောင်ခြင်း၊မွေးဖွားခြင်း၊ကလေးပြုစုပျိုးထောင်ခြင်းနှင့်ပတ်သက်၍ နေ့စဉ်လိုအပ်သော အသိပညာ၊ နည်းလမ်းများနှင့်ပတ်သက်သော သင်တန်းများကိုပြုလုပ်လျက်ရှိသည်။ ကိုယ်ဝန်ဆောင်မိခင်နှင့် သူ၏မိသားစုမှ တက်ရောက်နိုင်ပါသည်။ သင်တန်းတက်ရာတွင် အများအားဖြင့် အခမဲ့ဖြစ်သည်။

# 2 ကလေးမွေးဖွားကြောင်းသတင်းပို့ခြင်းနှင့်နိုင်ငံသားရယူခြင်း

ကလေးမွေးဖွားသောအခါတွင်သားဖွားဆရာမ (သို့)ဆရာဝန်ထံမှ "မွေးဖွားကြောင်းထောက်ခံစာ" ကိုရယူပါ။ ထို့နောက် ဂျပန်နိုင်ငံတွင် မွေးဖွားသောကလေးငယ်မှာ မိဘနှစ်ပါးလုံးကနိုင်ငံခြားသားပင်ဖြစ်သော်လည်း အိမ်ထောင်စုစာရင်းဥပဒေအရ ကလေးမွေးဖွားကြောင်းအကြောင်းကြားရန်လိုအပ်သည်။ ထို့အပြင်ကလေးငယ်က ဂျပန်နိုင်ငံသားမဟုတ်ခဲ့လျှင်လူဝင်မှုကြီးကြပ်ရေးနှင့်ဒုက္ခသည်အသိအမှတ်ပြုဥပဒေအရ "နေထိုင်ခွင့်ရယူရန်" လျှောက်ထားရန်လိုအပ်သည်။(B နေထိုင်ခွင့်2-8 နေထိုင်ခွင့်ရယူခြင်း(အားကြည့်ပါ)

## 2-1 ကလေးမွေးဖွားကြောင်းအကြောင်းကြားစာ

ဂျပန်နိုင်ငံတွင်ကလေးမွေးဖွားသောအခါအိမ်ထောင်စုစာရင်းဥပဒေသည်နေထိုင်သူအားလုံးနှင့်အကျိုးသက်ရောက်မှုရှိသောကြောင့်ဂျပန်နိုင်ငံတွင်နေထိုင်သောနိုင်ငံသားများနှင့်လည်းသက်ဆိုင်သည်။မည်သည့်နိုင်ငံသားမဆိုမွေးဖွားသည့်နေ့အပါအဝင်၁၄ရက်အတွင်းမြို့နယ်ရုံးတွင်ကလေးမွေးဖွားကြောင်းအကြောင်းကြားပါ။
ထိုအချိန်အတွင်းကလေးငယ်၏အမည်ကိုသတ်မှတ်၍၊လိုအပ်သောစာရွက်များအားပြင်ဆင်ထားရန်လိုအပ်သည်။

| လိုအပ်သောစာရွက်စာတမ်းများ | ပေးပို့/စုံစမ်းရမည့်နေရာ | အချိန်ကာလ | အကြောင်းကြားရသူ |
|---|---|---|---|
| 1 မွေးဖွားကြောင်းအကြောင်းကြားစာ<br>(မြို့နယ်ရုံး(သို့)ဆေးရုံတွင်ပြင်ဆင်၊စီစဉ်ထားသည်)<br>2 မွေးဖွားကြောင်းထောက်ခံစာ(မွေးဖွားသည့်အခါမွေးဖွားကြောင်းအကြောင်းကြားပုံစံတွင်ဆရာဝန်(သို့)သားဖွားဆရာမ၏ထောက်ခံချက်ပါပြီး)<br>3 အကြောင်းကြားသူ၏တံဆိပ်တုံး(တံဆိပ်တုံးမရှိသောအခါတွင်လက်မှတ်လည်းရပါသည်)<br>4 မိခင်ကလေးကျန်းမာရေးမှတ်တမ်းစာအုပ်<br>5 ပြည်သူ့ ကျန်းမာရေးအာမခံကတ်ပြား<br>(စနစ်သို့ဝင်ရောက်ထားသူများသာ) | မွေးဖွားသောအရပ်(သို့)သတင်းပေးပို့သူကနေထိုင်သည့်မြို့နယ်ရုံး | မွေးဖွားသည့်နေ့မှ ၁၄ ရက်အတွင်း | မိခင်(သို့)ဖခင် |

ထို့အပြင်ဂျပန်နိုင်ငံတွင်ကလေးမွေးဖွားသောအခါတွင်မိမိနိုင်ငံတွင်လည်းမှတ်ပုံတင်ပါ။ လုပ်ထုံးလုပ်နည်းအားဂျပန်နိုင်ငံတွင်ရှိသောသံရုံး(သို့)ကောင်စစ်ဝန်ရုံးတွင်စုံစမ်းမေးမြန်းပါ
လိုအပ်သောအခါတွင်မွေးဖွားကြောင်းသတင်းပို့ပြီးစီးကြောင်းထောက်ခံစာကိုမြို့နယ်ရုံးတွင်ရယူနိုင်ပါသည်။

# H ကလေးမွေးဖွားခြင်း၊ ကလေးပြုစုပျိုးထောင်ခြင်း

H ကလေးမွေးဖွားခြင်း၊ကလေးပြုစုပျိုးထောင်ခြင်း ထိပ်သို့

နမူနာ



出生届

平成　年　月　日届出

長 殿

| | | | |
|---|---|---|---|
| (1) | 子の氏名 (よみかた) | 氏　名 | 父母との続き柄 □嫡出子 □嫡出でない子 (□男 □女) |
| (2) | 生まれたとき | 平成　年　月　日 | □午前 □午後　時　分 |
| (3) | 生まれたところ | 番地 番　号 | |
| (4) | 住所 (住民登録をするところ) | 番地 番　号 (よみかた) 世帯主の氏名 | 世帯主との続き柄 |
| (5) | 父母の氏名 生年月日 (子が生まれたときの年齢) | 父 昭和　年　月　日（満　歳） | 母 昭和　年　月　日（満　歳） |
| (6) | 本籍 (外国人のときは国籍だけを書いてください) | 番地 番 筆頭者の氏名 | |
| (7) | 同居を始めたとき | □昭和 □平成　年　月 | |
| (8) | 子が生まれたときの世帯のおもな仕事と | □1. 農業だけまたは農業とその他の仕事を持っている世帯 □2. 自由業・商工業・サービス業等を個人で経営している世帯 □3. 企業・個人商店等（官公庁は除く）の常用勤労者世帯で勤め先の従業者数が1人から99人までの世帯 □4. 3にあてはまらない常用勤労者世帯及び会社団体の役員の世帯 □5. 1から4にあてはまらないその他の仕事をしている者のいる世帯 □6. 仕事をしている者のいない世帯 | |
| (9) | 父母の職業 | 父の職業 | 母の職業 |
| | その他 | | |
| | 届出人 | □1. 父 □母 □2. 法定代理人 □3. 同居者 □4. 医師 □5. 助産師 □6. その他の立会者 □7. 公設所の長 | |
| | 住所 | (4) 欄に同じ　番地 番　号 | |
| | 本籍 | (6) 欄に同じ　番地 番 筆頭者の氏名 (6) 欄に同じ | |
| | 署名 | 印　昭和　年　月　日生 | |
| | 事件簿番号 | | |

連絡先　電話　　―　　―　昼間連絡が取れるところ　自宅・勤務先・携帯

字は略さず丁寧に書いてください。

記入の注意

鉛筆や消えやすいインキで書かないでください。

子が生まれた日からかぞえて14日以内に出してください。

届書は、1通でさしつかえありません。

子の名は、常用漢字、人名用漢字、かたかな、ひらがなで書いてください。

(1)欄のよみかたは、戸籍には記載されません。住民票の処理上必要ですから書いてください。

□には、あてはまるものに☑のようにしるしをつけてください。

「筆頭者の氏名」には、戸籍のはじめに記載されている人の氏名を書いてください。

届け出られた事項は、人口動態調査（統計法に基づく指定統計第5号、厚生労働省所管）にも用いられます。

子の父または母が、まだ戸籍の筆頭者となっていない場合は、新しい戸籍がつくられますので、この欄に希望する本籍を書いてください。

届出人は、原則として子の父または母です。届出人が署名押印したあと届書を持参する方は親族、その他の方でもかまいません。

◎母子健康手帳と届出人の印をご持参ください。

## နမူနာ

# 出 生 証 明 書

| | | | 記入の注意 |
|---|---|---|---|
| | 子の氏名 | （空欄） 男女の別：1男 2女 | |
| | 生まれたとき | 平成　年　月　日　午前／午後　時　分 | 夜の12時は「午前0時」、昼の12時は「午後0時」と書いてください。 |
| (10) | 出生したところ及びその種別 | 出生したところの種別：1病院 2診療所 3助産所 4自宅 5その他<br>出生したところ：　番地　番　号<br>（出生したところの種別1～3）施設の名称： | |
| (11) | 体重及び身長 | 体重　グラム　身長　センチメートル | 体重及び身長は、立会者が医師又は助産師以外の者で、わからなければ書かなくてもかまいません。 |
| (12) | 単胎・多胎の別 | 1単胎　2多胎（　子中第　子） | |
| (13) | 母の氏名 | （空欄） 妊娠週数：満　週　日 | |
| (14) | この母の出産した子の数 | 出生子（この出生子及び出生後死亡した子を含む）　人<br>死産児（妊娠満22週以後）　胎 | この母の出産した子の数は、当該母又は家人などから聞いて書いてください。 |
| (15) | 1 医師<br>2 助産師<br>3 その他 | 上記のとおり証明する。<br>平成　年　月　日<br>（住所）　番地　番　号<br>（氏名）　印 | この出生証明書の作成者の順序は、この出生の立会者が例えば医師・助産師ともに立ち会った場合には医師が書くように1、2、3の順序に従って書いてください。 |

# 2 ကလေးမွေးဖွားကြောင်းအကြောင်းကြားစာနှင့်နိုင်ငံသားရယူခြင်း

## 2-2 မွေးကင်းစကလေးငယ်အတွက်နိုင်ငံသားရယူခြင်း

နိုင်ငံသားဖြစ်ခြင်းသည်ကလေးငယ်၏အနာဂါတ်အတွက်လွန်စွာအရေးပါသောအရာဖြစ်သည်။ မည်သည့် နိုင်ငံသားပင်ဖြစ်စေ မလွဲမသွေလိုအပ်သောလုပ်ထုံးလုပ်နည်းအတိုင်းလုပ်ကိုင်ရန်လိုအပ်သည်။ ကလေးမမွေးဖွားခင်သက်ဆိုင်ရာသံရုံး၊ မြို့နယ်ရုံးများ၏ အိမ်ထောင်စုမှတ်ပုံတင်ဌာန၊ တရားရေးဝန်ကြီးဌာနရုံးများတွင် ဆွေးနွေးတိုင်ပင်၍ လိုအပ်သော စာရွက်စာတမ်းများအား ကြိုတင်ပြင်ဆင်ထားပါ။

### (1) မိဘတစ်ဦးဦးကဂျပန်နိုင်ငံသားဖြစ်နေသောအခါ

ဖခင်ဖြစ်စေ၊မိခင်ဖြစ်စေတစ်ဦးဦးကဂျပန်နိုင်ငံသားဖြစ်ပြီး၊တရားဥပဒေနှင့်အညီလက်ထပ်ထိမ်းမြားထားပါကမွေးဖွားလာသောကလေးငယ်သည်ဂျပန်နိုင်ငံသားအဖြစ်ခံယူနိုင်သည်။ သို့သော်လည်း နိုင်ငံသားဖြစ်ခြင်းသည်မွေးဖွားသည်နှင့်တပြိုင်နက်သတ်မှတ်ခြင်းခံရပြီးဖြစ်ပြီး၊ တရားဝင်လက်ထပ်ထားခြင်းမဟုတ်ပါမူ ဖခင်ဖြစ်သူက မိမိကလေး အဖြစ်အသိအမှတ်ပြုခြင်းမရှိပါက ဂျပန်နိုင်ငံသားအဖြစ်မရယူနိုင်ပါ။ ကျန်မိဘဖြစ်သူ၏နိုင်ငံသားအဖြစ်ရယူရန်မှာ၊ မိဘနှစ်ဦးစလုံးက နိုင်ငံခြားသား ဖြစ်သည့်အခါ လုပ်ဆောင်ရသည့် လုပ်ထုံးလုပ်နည်းနှင့်အတူတူဖြစ်သည်။ အသေးစိတ်ကို ဂျပန်နိုင်ငံရှိသံရုံး၊ (သို့) ကောင်စစ်ဝန်ရုံးတွင်အတည်ပြုမေးမြန်းပါ။

### (2) ဖခင်၊မိခင်နှစ်ဦးစလုံးကနိုင်ငံခြားသားဖြစ်သောအခါ

မိခင်၊ဖခင်နှစ်ဦးစလုံးကနိုင်ငံခြားသားဖြစ်ပါက ဂျပန်နိုင်ငံတွင်ကလေးမွေးဖွားသည့်တိုင် ဂျပန်နိုင်ငံသားအဖြစ်ကိုရယူနိုင်ခြင်းမရှိပါ။ မိဘနှစ်ပါး၏ နိုင်ငံအသီးသီး၏ ဥပဒေနှင့်အညီနိုင်ငံသားအဖြစ်ကို ရယူပါ။ နိုင်ငံအလိုက်ကွဲပြားမှုရှိသောကြောင့် လုပ်ထုံးလုပ်နည်းနှင့် လိုအပ်သောစာရွက်စာတမ်းများနှင့်ပတ်သတ်၍ ဂျပန်နိုင်ငံရှိသံရုံး၊ (သို့)ကောင်စစ်ဝန်ရုံးတွင် အတည်ပြုမေးမြန်းပါ။

| မိဘ၏နိုင်ငံသား | ကလေးဖြစ်သူ၏နိုင်ငံသား | လုပ်ဆောင်ရန် |
|---|---|---|
| မိဘတစ်ဦးဦးက ဂျပန်လူမျိုးနှင့်လက်ထပ် | ဂျပန်နိုင်ငံသား | 1 မွေးဖွားကြောင်းအကြောင်းကြားစာကိုနေထိုင်ရာ မြို့နယ်ရုံးသို့ပေးပို့<br>2 ကျန်မိဘဖြစ်သူ၏နိုင်ငံသားအဖြစ်ရယူရန်မှာဂျပန်နိုင်ငံရှိ သံရုံး၊(သို့)ကောင်စစ်ဝန်ရုံးများတွင်မေးမြန်းပါ။ |
| မိဘနှစ်ဦးစလုံးကနိုင်ငံခြားသား | နိုင်ငံခြားသား | 1 မွေးဖွားကြောင်းအကြောင်းကြားစာကိုနေထိုင်ရာ မြို့နယ်ရုံးသို့ပေးပို့<br>2 မိဘနှစ်ဦး၏သက်ဆိုင်ရာနိုင်ငံ၏ဂျပန်နိုင်ငံရှိသံရုံး၊(သို့) ကောင်စစ်ဝန်ရုံးများတွင်မေးမြန်းပါ။ |

# 2 ကလေးမွေးဖွားကြောင်းအကြောင်းကြားစာနှင့်နိုင်ငံသားရယူခြင်း

## 2-3 မိမိ၏ကလေးအဖြစ်အသိအမှတ်ပြုခြင်း၊

မိမိ၏ကလေးအဖြစ်အသိအမှတ်ပြုခြင်းဆိုသည်မှာဥပဒေနှင့်အညီလက်ထပ်ထိမ်းမြားခြင်းမရှိသော၊မိဘနှစ်ပါးမှမွေးဖွားလာသောကလေးငယ်နှင့်ဖခင်အကြားဥပဒေအရသားအဖဖြစ်ကြောင်းတရားဝင်လုပ်ဆောင်ခြင်းဖြစ်သည်။အိမ်ထောင်စုစာရင်းဥပဒေအရအသိအမှတ်ပြုသူကမြို့နယ်ရုံးသို့သတင်းပို့အကြောင်းကြားရန်လိုအပ်သည်။ အသေးစိပ်အားသက်ဆိုင်ရာမြို့နယ်ရုံးသို့စုံစမ်းမေးမြန်းပါ။

# 2 ကလေးမွေးဖွားကြောင်းအကြောင်းကြားစာနှင့်နိုင်ငံသားရယူခြင်း

## 2-4 နိုင်ငံသားရွေးချယ်ခြင်း။

ကလေးငယ်ကဂျပန်နိုင်ငံအပြင်အခြားနိုင်ငံသားအဖြစ်ခံယူသောအခါတွင်။ ဂျပန်နိုင်ငံသို့မွေးဖွားကြောင်း အကြောင်းကြားသော အခါနိုင်ငံသားအဖြစ်ဆိုင်းငံ့ခြင်းလျှောက်လွှာကိုပါတင်ရမည်ဖြစ်သည်။ ဂျပန်နိုင်ငံ၏ ဥပဒေတွင်ဂျပန်နိုင်ငံနှင့် အခြားနိုင်ငံတခုခု၏ နိုင်ငံသားကိုခံယူခြင်း၊ (နှစ်နိုင်ငံသားအဖြစ်ခံယူခြင်း)အား အသိအမှတ်မပြုသောကြောင့် ၂၂နှစ်မပြည့်မှီမည်သည့်နိုင်ငံသား အဖြစ်ခံယူမည်ကို ရွေးချယ်ရန်လိုအပ်သည်။

# 3 ကလေးမွေးဖွားစရိတ် နှင့် အသီးသီးသောထောက်ပံ့ကြေး၊

သာမန်ကလေးမွေးဖွားခြင်းသည်ကျန်းမာရေးအာမခံပြင်ပကုသခြင်းဖြစ်သောကြောင့်ကိုယ်ဝန်ဆောင်စဉ်ပုံမှန်ဆေးစစ်ခြင်းကိုပါထည့်သွင်းပါကအတော်အတန်များပြားသောငွေကြေးကုန်ကျမှုရှိသည်။ထို့အပြင်ကလေးမွေးဖွားပြီးနေ့မှ၁၄ရက်အတွင်းမွေးဖွားပြီးကြောင်းအကြောင်းကြားခြင်းကိုမပျက်မကွက်ပြုလုပ်ရန်လိုအပ်သည်။မွေးဖွားရန်လိုအပ်သောစားရိတ်နှင့်လုပ်ဆောင်ရန်လိုအပ်သည်များကိုသိထားရန်လိုအပ်သည်။

## 3-1 ကျန်းမာရေးအာမခံနှင့်မွေးစားရိတ်

ကိုယ်ဝန်ဆောင်ခြင်း၊ကလေးမွေးဖွားခြင်းသည်ရောဂါဖြစ်သည်ဟုမသတ်မှတ်သောကြောင့်သာမာန်ကလေးမွေးဖွားခြင်းတွင်ကျန်းမာရေးအာမခံကိုအသုံးပြု၍မရပါ။လိုအပ်သောငွေကြေးကိုကြိုတင်ပြင်ဆင်ထားရန်လိုအပ်သည်။ဂျပန်နိုင်ငံတွင်ကလေးမွေးဖွားရန်အတွက်တစ်ပတ်ခန့်ဆေးရုံတက်ရန်လိုအပ်ပြီးကုန်ကျစရိတ်မှာယန်းငွေ၄၊သိန်းခန့်ပြင်ဆင်ထားရန်လိုအပ်သည်။သို့သော်လည်း အများပြည်သူဆိုင်ရာ ကျန်းမာရေးအာမခံဝင်ထားသူများအနေဖြင့် ကလေးမွေးဖွားပြုစုပျိုးထောင်ရေး တစ်လုံးတစ်ခဲထောက်ပံ့ကြေးကိုခံစားရယူနိုင်ပါသည်။(ကုန်ကျစရိတ်ကို သက်ဆိုင်ရာဆေးကုသရေး ဌာနသို့ တိုက်ရိုက်ပေးသွင်းသည်။)

# 3 ကလေးမွေးဖွားစရိတ် နှင့် အသီးသီးသောထောက်ပံ့ကြေး၊

## 3-2 ကလေးမွေးဖွားပြုစုပျိုးထောင်ထောက်ပံ့ကြေး

ပြည်သူ့ကျန်းမာရေး အာမခံစနစ်နှင့်ကျန်းမာရေး အာမခံစနစ်သို့ဝင်ရောက်ထားသူများသည်ကလေးမွေးဖွားသောအခါတွင် ကလေးမွေးဖွား ပြုစုပျိုးထောင်ထောက်ပံ့ကြေးကို ခံစားရယူနိုင်ပါသည်။ ထုတ်ယူနိုင်သော ငွေပမာဏမှာ ယန်းငွေ ၄၂၀၀၀၀ ဖြစ်သည်။

ပြည်သူ့ကျန်းမာရေးစနစ်သို့ဝင်ရောက်ထားသူဖြစ်ပါကနေထိုင်ရာမြို့နယ်ရုံးပြည်သူ့ကျန်းမာရေးဌာန၏သက်ဆိုင်ရာတာဝန်ခံ (သို့) အလုပ်ကျန်းမာရေးအာမခံဝင်ရောက်ထားသူဖြစ်ပါက အလုပ်ဌာန (သို့)ဝင်ရောက်ထားသော ကျန်းမာရေးအာမခံအဖွဲ့အစည်း၏ သက်ဆိုင်ရာခရိုင်ဌာနခွဲများတွင်စုံစမ်းမေးမြန်းပါ။ ( F ဆေးကုသမှု၊ 4-2 ကျန်းမာရေးအာမခံ တွင်ကြည့်ပါ။)

## 3 ကလေးမွေးဖွားစရိတ် နှင့် အသီးသီးသောထောက်ပံ့ကြေး၊

### 3-3 မီးဖွားချိန်ထောက်ပံ့ကြေး (ကလေးမွေးဖွားရန်အလုပ်ခွင်မှအနားယူနေစဉ်)

ကလေးမွေးဖွားရန်အလုပ်မှခွင့်ယူပြီး၊ လခမရရှိသောအချိန်တွင်မွေးဖွားသည့်နေ့ (မွေးဖွားသည့်နေ့က မွေးဖွားရန် ခန့်မှန်းရက်ထက်နောက်ပြီကျသောအခါတွင်မွေးဖွားရန်ခန့်မှန်းထားသောရက်) မတိုင်မီ၄၂ရက် (ကလေးအမွှာဖြစ်ပါက ၉၈ ရက်)မှ ကလေးမွေးဖွားပြီး ၅၆ ရက်အတွင်း မီးဖွားချိန်ထောက်ပံ့ကြေးကို ရယူနိုင်ပါသည်။

ရယူနိုင်သောပမာဏ ---ထောက်ပံ့ကြေးစတင်သည့်နေ့မတိုင်မီ၁၂လတာ၏ လစဉ် ပုံမှန်လစာ÷၃၀ရက်× ၃ပုံ၂ ပုံ နှင့်ညီမျှသောငွေပမာဏ

ထို့အပြင်မီးဖွားချိန်ထောက်ပံ့ကြေးထက်နည်းသောလစာငွေအား အလုပ်ရှင်ထံမှလက်ခံရရှိနေသောအခါတွင် မီးဖွားချိန်ထောက်ပံ့ကြေးနှင့် လက်ခံရယူနေသော ငွေပမာဏအတွင်း ကွာခြားသောငွေပမာဏကိုလည်းလက်ခံရယူနိုင်ပါသည်။

# 3 ကလေးမွေးဖွားစရိတ် နှင့် အသီးသီးသောထောက်ပံ့ကြေး

## 3-4 ကလေးသူငယ်ထောက်ပံ့ကြေး

ကလေးမွေးဖွားသောအခါတွင် နိုင်ငံခြားနိုင်ငံခြားသားပင်ဖြစ်စေ နေထိုင်သူမှတ်တမ်းတွင်မှတ်ပုံတင်ထားလျှင် ကလေးသူငယ်ထောက်ပံ့ ကြေးပေးဝေခြင်း နှင့်ဆိုင်သောဥပဒေအရ ကလေးသူငယ်ထောက်ပံ့ကြေး ကိုလက်ခံရယူနိုင်ပါသည်။ (I ခြား လူမှု ဖူလုံရေး 1- 1 ကလေးသူငယ်ထောက်ပံ့ရေးတွင် ကြည့်ပါ။)

# 3 ကလေးမွေးဖွားစရိတ် နှင့် အသီးသီးသောထောက်ပံ့ကြေး၊

## 3-5 မြို့နယ်များ၏သီးခြားထောက်ပံ့မှု စနစ်

မြို့နယ် အလိုက် မွေးဖွားလာသောကလေးငယ်အတွက် `မွေးဖွားလက်ဆောင်ငွေ`ကို ချီးမြှင့်သောဒေသ၊ `မွေးဖွားလက်ဆောင်`ချီးမြှင့်သောဒေသ၊`မွေးဖွားမှတ်တမ်း`တင်ပေးသောဒေသ၊ ဝင်ငွေနည်းပါးသောအိမ်ထောင်စုအတွက် ကလေးငယ်က တစ်နှစ်ပြည့်သည်အထိနို့မှုန့် (သို့)နွားနို့အား ကူညီထောက်ပံ့ပေးသော ဒေသလည်းရှိသည်။ သင်နေထိုင်သော ဒေသတွင်ဤကဲ့သို့သောစနစ်ရှိမရှိကိုနေထိုင်သောမြို့နယ်ရုံးတွင်စုံစမ်းမေးမြန်းပါ။

# 3 ကလေးမွေးဖွားစရိတ်နှင့် အသီးသီးသောထောက်ပံ့ကြေး

●အသီးသီးသောထောက်ပံ့ကြေး

| အသီးသီးသော ထောက်ပံ့ကြေးများ | အကြောင်းအရာ | သက်မှတ်ချက် | လုပ်ဆောင်ပုံအဆင့်ဆင့်/ စုံစမ်းမေးမြန်းရန် |
|---|---|---|---|
| ကလေးမွေးဖွားပြုစုပျိုးထောင် ထောက်ပံ့ကြေး | အခြေခံအားဖြင့် ယန်း ၄၂၀၀၀၀ | ပြည်သူ့ကျန်းမာရေးအာမခံ(သို့) ကျန်းမာရေးအာမခံစနစ်တွင် ဝင်ရောက်ထားခြင်း | ပြည်သူ့ကျန်းမာရေးအာမခံစနစ်သို့ဝင်ရောက်ထားသူများကနေထိုင်ရာမြို့နယ်ရုံး၊ကျန်းမာရေးအာမခံစနစ်ဝင်ရောက်ထားသူများက မိမိတို့၏အလုပ်(သို့)နိုင်ငံလုံးဆိုင်ရာကျန်းမာရေးအာမခံအဖွဲ့ ၏ ခရိုင်ဌာနခွဲများ၊ |
| မီးဖွားချိန်ထောက်ပံ့ကြေး | ထောက်ပံ့ကြေးစတင်သည့်နေ့ မတိုင်မီ၁၂လတာ၏ လစဉ်ပုံမှန်လစာ÷၃၀ရက်× ၃ပုံ၂ ပုံ နှင့်ညီမျှသော ငွေပမာဏ | မီးဖွားရန်အလုပ်မှနားပြီး ထိုကာလ အတွင်း လစာ မရရှိခဲ့ပါက | အလုပ်(သို့) နိုင်ငံလုံးဆိုင်ရာကျန်းမာရေးအာမခံအဖွဲ့ ၏ခရိုင်ဌာနခွဲများ |
| အခြား | မွေးဖွားလက်ဆောင်၊ မွေးဖွားလက်ဆောင်ငွေ အစရှိသည်များ | — | မြို့နယ်အလိုက်ကွဲပြားခြားနားသည်။နေထိုင်ရာမြို့နယ်ရုံးသို့ စုံစမ်းမေးမြန်းရန်။ |

# 4 ဆေးကုသခြင်း

ကလေးငယ်က ကျန်းမာသန်စွမ်းစွာကြီးပြင်းစေရန်ကျန်းမာရေးစစ်ဆေးခြင်း၊ ကာကွယ်ဆေးထိုးခြင်းများ ပြုလုပ်ပေးလျှက်ရှိပါသည်။ မြို့နယ်ရုံးမှအကြောင်းကြားစာများအားမလွဲမသွေဖတ်ရှုပါ။

## 4-1 နို့စို့ ကလေးငယ်ကျန်းမာရေးစစ်ဆေးခြင်း၊(အုပ်စုလိုက်)

၃လမှ ၄လအထိ ၊ ၈လမှ ၁၀လအထိ ၊ ၁နှစ်၆ လ ၊ ၃နှစ် အစရှိသော နို့စို့ကလေးငယ်များအတွက် ဖွံ့ဖြိုးကြီးထွားမှုစစ်ဆေးခြင်း၊အရပ်၊ကိုယ်အလေးချိန်တိုင်းတာခြင်း၊ကလေးပြုစုပျိုးထောင်ခြင်းနှင့်ပတ်သက်သောဆွေးနွေးတိုင်ပင်ခြင်းများအားပြုလုပ်လျှက်ရှိသည်။မြို့နယ်အလိုက်ဆောင်းရွက်ပုံကွာခြားမှုရှိသောကြောင့်
နေထိုင်ရာမြို့နယ်တွင်အတည်ပြုမေးမြန်း၍လုပ်ဆောင်ပါ။

## 4-2 ကာကွယ်ဆေးထိုးခြင်း၊

ကာကွယ်ဆေးသည်ရောဂါမဖြစ်အောင်၊ ကူးစက်မရှိအောင်၊ ရောဂါလက္ခဏာကိုပေ့ါလျော့အောင်၊ ကူးစက်ပြန့်ပွါးမှု မရှိအောင် ကာကွယ်သောဆေးထိုးခြင်းများကိုဆိုလိုသည်။ ကူးစက်ရောဂါများမှကာကွယ်ရန် ကာကွယ်ဆေးထိုးခြင်း ဥပဒေဖြင့်ပြဌာန်းထားသည်။ ကာကွယ်ဆေးထိုးခြင်း ဥပဒေကသတ်မှတ်ထားသော ကာကွယ်ဆေးများမှာ အခမဲ့ဖြစ်သည်။ ရောဂါမဖြစ်စေရန်ကိုယ်ခံအားမြှင့်တင်ခြင်းသည်လည်းအရေးပါသောအရာဖြစ်သည်။ နားမလည်သောအရာ၊ စိတ်ပူပန်သောအရာများရှိပါက အမြဲကုသမှုကိုခံယူနေသောဆရာဝန်၊မြို့နယ်ရုံး၊ ကျန်းမာရေးဌာနများတွင်ဆွေးနွေးတိုင်ပင်ပါ။

## 4-3 နို့စို့ကလေးဆေးကုသမှုစရိတ်ကျခံခြင်းနှင့်ပတ်သက်သောချင်းချက်

ကျန်းမာရေးအာမခံစနစ်သို့ဝင်ရောက်ထားသောအခါတွင်သာမာန်အားဖြင့်ဆေးကုသမှုစားရိတ်၏ ၃၀ရာခိုင်နှုန်းအားပေးဆောင်ရမည်ဖြစ်သည်။မသင်မနေရပညာရေးစနစ်မတက်ရောက်မီ (၆)နှစ်ပြည့်ပြီး ပထမဆုံးမတ်လ ၃၁ရက်နေ့အထိ) ၂၀ရာခိုင်နှုန်းသာပေးဆောင်ရမည်ဖြစ်သည်။ ထို့အပြင်(နို့စို့)ကလေးငယ် ဆေးကုသမှု စရိတ်ထောက်ပံ့ရေး စနစ်အားကိုယ်ပိုင်အစီအစဉ်ဖြင့်ဆောင်ရွက်နေသောဒေသအစိုးရများလည်းရှိသည်။

H ကလေးမွေးဖွားခြင်း၊ကလေးပြုစုပျိုးထောင်ခြင်း ထိပ်သို့

# 5 ကလေး ပြုစုပျိုးထောင်ခြင်း

ဂျပန်နိုင်ငံတွင်မိသားစုအတွင်း ကလေးငယ်အား ကြည့်ရှုထိမ်းသိမ်းရန်မဖြစ်နိုင်သောအခါတွင် အုပ်ထိန်းသူကိုယ်စား ကလေးအား လက်ခံစောင့်ရှောက်ပေးသော ဂေဟာများရှိသည်။ ထို့အပြင်အချိန်တခုအတွင်း ကလေးအား လက်ခံစောင့်ရှောက်ပေးသောစနစ် နှင့် ကလေးပြုစုပျိုးထောင်နေသည့် အဖော်ရှာဖွေခြင်းအား အကူအညီပေးသော ဂေဟာများလည်းရှိသည်။

## 5-1 အသိအမှတ်ပြုနေ့ကလေးထိန်းဌာန (ကျောင်း)

### (1) အသိအမှတ်ပြုနေ့ကလေးထိန်းဌာန (ကျောင်း) ဆိုသည်မှာ

အသိအမှတ်ပြုနေ့ကလေးထိန်းဌာန(ကျောင်း)သည် မိသားစုဝင်များကအလုပ်ကြောင့်၊ရောဂါဖြစ်၍ဆေးကုသမှုကိုခံယူခြင်း အစရှိသည်တို့ကြောင့်နေ့အချိန်ကလေးပြုစုစောင့်ရှောက်ရန် ခက်ခဲသောအုပ်ထိန်းသူ ကိုယ်စားလသားအရွယ်မှ မူလတန်း မတက်ရောက်မီအထိ ကလေးငယ်များအားကြည့်ရှုထိန်းသိမ်းပေးသောနေရာဖြစ်သည် ဒေသအစိုးရပိုင်နေ့ကလေးထိန်းဌာန (ကျောင်း) နှင့် ပုဂ္ဂလိကပိုင် နေ့ကလေးထိန်းဌာန (ကျောင်း) များရှိပြီး ပုဂ္ဂလိကပိုင် နေ့ကလေးထိန်းဌာန (ကျောင်း) များအနက် မြို့နယ် မှအသိအမှတ်ပြု နေ့ကလေးထိန်း ဌာန (ကျောင်း) နှင့် အသိအမှတ် ပြုမဟုတ်သော နေ့ကလေးထိန်းဌာန (ကျောင်း) များလည်းရှိသည်။

ဒေသအစိုးရပိုင်နေ့ကလေးထိန်းဌာန (ကျောင်း) နှင့် အသိအမှတ်ပြု နေ့ကလေးထိန်းဌာန (ကျောင်း) များအား လျှောက် ထား သူ များပြားသည်။ ထို့အပြင် ကျောင်းသို့ဝင်ရောက်ရန် အချက်အလက် များနှင့်ပြည့်စုံ ရန်လိုအပ် ပြီး၊လျှောက်ထားသူတိုင်းဝင်ခွင့်ရရှိနိုင်မည်မဟုတ်ပါ။လစဉ်ကျောင်းလခမှာလည်းမိသားစု၏ဝင်ငွေအလိုက်သတ်မှတ်ပြီး အခြေခံ အားဖြင့် တစ်ရက်လျှင် ရှစ်နာရီ (မနက် ၇ နာရီမှ ညနေ၆ နာရီအထိ) ကြည့်ရှုစောင့်ရှောက်ပေးသည်။ ထို့အပြင်ည ၈ နာရီအထိ အချိန်ပို စောင့်ရှောက်ပေးသောနေရာများလည်း ရှိသည်။

အသိအမှတ်ပြုမဟုတ်သောနေ့ကလေးထိန်းဌာန(ကျောင်း)များ၏လခမှာဝင်ငွေနှင့်မဆိုင်ပဲ၊ထိုနေ့ကလေးထိန်းဌာနမှ သတ်မှတ် ထားသောအခကြေးငွေကိုပေးဆောင်ရမည်ဖြစ်သည်။

| | |
|---|---|
| **ဒေသအစိုးရပိုင် နှင့် အသိအမှတ်ပြု နေ့ကလေးထိန်းဌာန ဝင်ခွင့်လျှောက်ထားရန် လိုအပ်သော စာရွက်စာတမ်း** | · နေထိုင်သူမှတ်တမ်း(မိသားစုဝင် အားလုံးပါဝင်သော)။<br>· ဝင်ငွေခွန်ကိုယ်စားပေးဆောင်ခြင်းမှတ်တမ်း၊ ဂငွေပမာဏအကြောင်းကြားစာမိတ္တူ။<br>· လျှောက်ထားပြီးနောက်လူတွေ့မေးမြန်းခြင်းတွင် မိခင်နှင့်ကလေးကျန်းမာရေးမှတ်တမ်းစာအုပ်အားယူဆောင်သွားရန်။ |

# 5 ကလေးပြုစုပျိုးထောင်ခြင်း

## (2) နေ့ကလေးထိန်း(ကျောင်း) ဝင်ခွင့်ရရန် လုပ်ဆောင်ပုံအဆင့်ဆင့်

အသိအမှတ်ပြုနေ့ကလေး ထိန်းဌာန (ကျောင်း)သို့ဝင်ရောက်ရန် မြို့နယ် သို့လျှောက်ထား လုပ်ကိုင်ရန်လိုအပ်သည်။

<table>
<tr><td rowspan="3">ဝင်ခွင့်<br>လျှောက်<br>ထားခြင်း</td><td colspan="3">တက်ရောက်လိုသောနေ့ကလေးထိန်းဌာနရှိသောမြို့နယ်ရုံး၏သက်ဆိုင်ရာဌာနတွင်လျှောက်ထားရန်လို<br>အပ်သည်။မြို့နယ်အလိုက်နေ့ကလေးထိန်းဌာန(ကျောင်း)စာရင်းကိုပြင်ဆင်ထားတတ်သောကြောင့်<br>နေ့ကလေးထိန်းဌာန(ကျောင်း)ရွေးချယ်ရာတွင်မှီငြမ်းအသုံးပြုနိုင်ပါသည်။တစ်ကျောင်းထက်ပို၍ဦးစားပေးကျောင်း<br>ကိုရေးသားလျှောက်ထားနိုင်သော မြို့နယ်များ လည်းရှိသည်။<br>တင်ပြရန်လိုအပ်သောစာရွက်စာတမ်းမှာမြို့နယ်အလိုက်ကွဲပြားခြားနားသည်။သာမာန်အားဖြင့်<br>လျှောက်လွှာ၊ကလေးအပါအဝင်မိသားစုအခြေအနေစစ်တမ်း၊ဝင်ငွေခွန်ကိုယ်စားပေးဆောင်ခြင်းမှတ်တမ်း(သို့)အခွန်ဆောင်ပြီး<br>ကြောင်းထောက်ခံစာ၊ မိသားစုတွင်းကလေးကြည့်ရှုစောင့်ရှောက်ရန်မဖြစ်နိုင်သောအကြောင်းအရာအထောက်အထား<br>များဖြစ်သည်။အမြဲလျှောက်လွှာလက်ခံသော်လည်း ၄လပိုင်းကျောင်းဖွင့်သည့်အခါ ကျောင်းထားချင်လျှင် လျှောက်လွှာလက်ခံသည့်<br>နောက်ဆုံးရက်ကိုသတ်မှတ် ထားသောမြို့နယ်များ လည်းရှိ သောကြောင့် သေချာစေရန်စုံစမ်းမေးမြန်းပါ။</td></tr>
<tr><td>လိုအပ်သောစာရွက်စာတမ်း</td><td>လျှောက်ထားရမည့်နေရာ/ စုံစမ်းရန် နေရာ</td><td>အချိန်ကာလ</td></tr>
<tr><td>(1) ဝင်ခွင့်လျှောက်လွှာ<br>(2)ကလေး၊မိသားစုနှင့်ပတ်သက်သောအကြောင်း အရာ<br>(3)ကလေးအားကြည့်ရှုစောင့်ရှောက်ရန်ခက်ခဲကြောင်း အထောက်အထား(မိဘ၏အလုပ်လုပ်ကြောင်း ထောက်ခံစာ)<br>(4)ဝင်ငွေခွန်ကိုယ်စားပေးဆောင်ခြင်းမှတ်တမ်း၊ ဂင်ငွေပမာဏအကြောင်းကြားစာမိတ္တူ၊<br>အခွန်ဆောင်ပြီးကြောင်းထောက်ခံစာ။<br>စသည့်</td><td>မြို့နယ် ရုံး</td><td>အချိန်မရွေး။သို့သော်လည်း ၄လပိုင်းကျောင်းစဖွင့်ချိန် ကျောင်းထားလိုပါက နောက်ဆုံးလျှောက်ထားရမည့် ရက်အားသတ်မှတ်ထားခြင်းများ ရှိသောကြောင့်သေချာစေရန်မေးမြန်းပါ။</td></tr>
<tr><td>↓</td><td colspan="3"></td></tr>
<tr><td>စိစစ်ခြင်း</td><td colspan="3">ရက်ကွက်၊မြို့၊ရွာရုံးရှိသက်ဆိုင်ရာဌာန၌အိမ်တွင်ကလေးကြည့်ရှုစောင့်ရှောက်ရန်မဖြစ်နိုင် သောအကြောင်းကိုစဉ်းစားပြီး၊ကြည့်ရှုစောင့်ရှောက်ရန်မဖြစ်နိုင်သောလိုအပ်ချက်မြင့်မားသောအစဉ်အတိုင်းစဉ်းစားရွေးချယ်မည်။(လျှောက်ထားသောအစဉ်အတိုင်းမဟုတ်ပါ။)နေ့ကလေးထိန်းဌာန (ကျောင်း) တွင်လစ်လပ်သောနေရာပေါ်ပေါက်သောအခါဝင်ခွင့်ပြုရန်အတွက် အစည်းအဝေးပြုလုပ်၍၊ ဝင်ခွင့်ပေးမည့်သူအား သတ်မှတ်သည် ။</td></tr>
<tr><td>↓</td><td colspan="3"></td></tr>
<tr><td>ဝင်ခွင့်ရသောအခါ<br>အကြောင်းကြားခြင်း</td><td colspan="3">နေ့ကလေးထိန်းဌာန(ကျောင်း)ဝင်ခွင့်ရသောအခါတွင်အကြောင်းကြားမည်။(ဝင်ခွင့်မရခြင်းကိုအကြောင်း<br>မကြားသော မြို့နယ် များလည်းရှိသည်။)</td></tr>
<tr><td>↓</td><td colspan="3"></td></tr>
<tr><td>လူတွေ့မေးမြန်းခြင်း<br>နှင့်ဝင်ခွင့်သတ်မှတ်</td><td colspan="3">အကြောင်းကြားခြင်း ခံရပြီးနောက် ဝင်ရောက်မည့် နေ့ကလေး ထိန်းဌာန(ကျောင်း)တွင်လူတွေ့မေးမြန်းခြင်း၊ရှင်းလင်းပြောပြခြင်းများရှိပြီး၊နေ့ကလေးထိန်းဌာန(ကျောင်း)အတွက်</td></tr>
</table>

| ခြင်း | ပြင်ဆင်ရမည်တို့အတွက်ရှင်းလင်းပြောပြခြင်းများကိုခံယူရမည်ဖြစ်သည်။ |
|---|---|
| ↓ | |
| နေ့ကလေးထိန်းဌာန (ကျောင်း)သို့ဝင်ရောက်ခြင်း | |

### (3) အသိအမှတ်ပြုမဟုတ်သောနေ့ကလေးထိန်းဌာန (ကျောင်း)

အသိအမှတ်ပြုမဟုတ်သောနေ့ကလေးထိန်းဌာန(ကျောင်း)ဆိုသည်မှာ အကျယ်အဝန်း၊ ကလေးကြည့်ရှုစောင့်ရှောက်မည့်ဝန်ထမ်းအရေအတွက်အစရှိသည်ဖြင့်နိုင်ငံမှသတ်မှတ်ထားသောစံချိန်မပြည့်မီသောဌာနများဖြစ်ပြီး အုပ်ချုပ်စီမံမှု၊ အဆောက်အဦးများမှာ ဌာနအလိုက်လွန်စွာကွာခြားမှုရှိသည်။ ထိုအထဲတွင်မြို့နယ်ရုံး၏အထောက်အပံ့ကို ရယူ၍ အသိအမှတ်ပြု နေ့ကလေးထိန်းဌာန(ကျောင်း)နှင့်တူညီသည်ဟု သတ်မှတ်ခြင်းခံရသော ဌာနများလည်းရှိသည်။ ထူးခြားချက်မှာ အရွယ်အစားသေးငယ်၍ အများစုမှာအရွယ်ငယ်သောကလေးများအား ကြည့်ရှုစောင့်ရှောက်ပေးသောနေရာ များဖြစ်ခြင်းဖြစ်သည်။

H ကလေးမွေးဖွားခြင်း၊ကလေးပြုစုပျိုးထောင်ခြင်း ထိပ်သို့

# 5 ကလေးပြုစုပျိုးထောင်ခြင်း

## 5-2 မူလတန်းကျောင်းသားများအား ကျောင်းချိန်ပြင်ပကြည့်ရှုစောင့်ရှောက် ခြင်း

ကျောင်းချိန်ပြင်ပကျောင်းသားကြည့်ရှုစောင့်ရှောက်ခြင်းလုပ်ငန်း (ကလေးရိပ်သာ)ဆိုသည်မှာ ကလေး၊ သူငယ်လူမှုဖူလုံရေး ဥပဒေနှင့်အညီ နေ့အချိန်မိဘ၊ အုပ်ထိန်းသူကအလုပ်လုပ်ကိုင်ခြင်းအစရှိသည့်အကြောင်းများကြောင့် အိမ်တွင်မရှိသော မူလတန်းသို့တက်ရောက်နေသည့်အကြမ်းဖြင်း အသက်ဆယ်နှစ်အောက်ကလေး (ကျောင်းလွှတ်ပြီးချိန်)များအား ကျောင်းလွှတ်ပြီးနောက်တွင်ကလေးရိပ်သာ၊ ကျောင်း၏ ပိုနေသောစာသင်ခန်းစသည်တို့ကို အသုံးပြု၍ သင့်တော်သောကစားခြင်း (သို့)နေရာကိုပေးအပ်၍ လုံခြုံကျန်းမာသောပြုစုပျိုးထောင်ခြင်း ပြုလုပ်သောနေရာ ဖြစ်သည်။

မြို့နယ် နှင့်လူမှုဖူလုံရေးအဖွဲ့အစည်းများကလက်တွေ့ဆောင်ရွက်နေပြီး၊ တနိုင်ငံလုံးတွင်နေရာပေါင်း ၂၅၀၀၀ခန့် ရှိသည်။

အတိအကျသိလိုပါကနေထိုင်သော မြို့နယ်များတွင်စုံစမ်းမေးမြန်းကြည့်ပါ။

H ကလေးမွေးဖွားခြင်း၊ကလေးပြုစုပျိုးထောင်ခြင်း ထိပ်သို့

# 5 ကလေးပြုစုပျိုးထောင်ခြင်း

## 5-3 အခြား

### (1) အချိန်အတိုင်းအတာ တစ်ခုအတွင်းကလေးကြည့်ရှုစောင့်ရှောက်ခြင်း

အချိန်အတိုင်းအတာတစ်ခုအတွင်းကလေးကြည့်ရှုစောင့်ရှောက်ခြင်းဆိုသည်မှာ တစ်ပတ်တွင်တစ်ရက်မှသုံးရက်အထိ ဆက်တိုက်အလုပ်ဆင်းခြင်း၊ နေထိုင်မကောင်းခြင်း၊ ကလေးမွေးဖွားခြင်းစသည်တို့ကြောင့်ဆေးရုံတက်ခြင်း၊ ပြုစုစောင့်ရှောက်ခြင်းများကြောင့် အချိန်အတိုင်းအတာတစ်ခုအတွင်း အိမ်တွင် ကြည့်ရှုစောင့်ရှောက်ရန် ခက်ခဲသောအခါတွင် ကလေးအား နေ့ကလေးထိန်း ဌာန (ကျောင်း)မှလက်ခံကြည့်ရှုပေးသောစနစ်ဖြစ်သည်။ အခကြေးငွေမှာ မြို့နယ်အလိုက်ကွာခြားမှုရှိသည်။

### (2) မိသားစုကူညီထောက်ပံ့ရေးဌာန

ကလေးပြုစုပျိုးထောင်ခြင်းတွင်အကူအညီလိုအပ်သောသူနှင့်ကလေးပြုစုပျိုးထောင်ခြင်းအား အကူအညီပေးလိုသောသူများက အဖွဲ့ဝင်အဖြစ်ကလေးပြုစုပျိုးထောင်ခြင်းကို ကူညီရိုင်းပင်းသောစနစ်ဖြစ်သည်။ မြို့နယ်မှတည်ထောင်၍ စီမံအုပ်ချုပ်သည်။ ဆေးရုံသွားခြင်း၊ပြုစုစောင့်ရှောက်ခြင်း၊ အားသစ်လောင်းခြင်းများပြုလုပ်ချင်သောအခါတွင် အချိန်အတိုင်း အတာတစ်ခုအတွင်းလက်ခံ၍ ကြည့်ရှုစောင့်ရှောက်ခြင်းကိုခံယူနိုင်သည်။တစ်နာရီ ယန်း၅၀၀မှ ၁၀၀၀ ခန့်သော အခကြေးငွေဖြင့် (မြို့နယ်အလိုက်ကွာခြားမှုရှိသည်။) လက်ခံကြည့်ရှုပေးသည်။ အပ်နှံလိုသောအချိန်တွင်အသုံးပြုနိုင်ခြင်းမှာအဆင်ပြေသည်။ အသုံးပြုလိုပါကကြိုတင်၍ အဖွဲ့ဝင်ထားခြင်း စသည်တို့ပြုလုပ်ထားရန်လိုအပ်သည်။ အသေးစိပ်အားမြို့နယ်ရုံးတွင်စုံစမ်းမေးမြန်းပါ။